# အစ္စရေး ဉာဏ်ကြီးရှင်များ

ဟိန်းလတ်



# THOU SHALT INNOVATE

Avi Jorisch

*How Israeli Igenuity Repairs the World*

# မြန်မာပြန်ဆိုသူ၏ အမှာ စာ

ကျွန်တော် ယခုအချိန်ထိ လုံးချင်းစာအုပ်ပေါင်း (၁၆၁) အုပ် ရေးခဲ့ပြီးပြီ။ ထိုအထဲတွင် မှ အစ္စရေးနိုင်ငံနှင့် ပတ်သက်၍ စာအုပ် (၅) အုပ်မျှပင်ရှိ၏။

၂၀၁၀ ခုနှစ်တွင် Dan Senor and Saul Singer တို့ ၏ "Start-Up Nation" စာအုပ်ကို "ခွန်အားကြီးမား ပြည်သူများ - အစ္စရေးနိုင်ငံသား"ဟူ၍ မြန်မာပြန်ဆို ထုတ်ဝေခဲ့သည် ။ အန္တရာယ်မျိုးစုံ၊ အခက်အခဲမျိုးစုံကြားမှ ဇွဲသတ္တိရှိရှိ၊ အသိဉာဏ်ပညာ မြင့်မြင့်မားမားဖြင့် ရင်ဆိုင်တိုက်ပွဲဝင်ရင်း စွန့်စားတီထွင်လုပ်ငန်းများ ဖြင့် စီးပွားရေးတစ်ရှိန်ထိုးတက်လာသော အစ္စရေးနိုင်ငံနှင့် ပြည်သူများ အကြောင်းစာအုပ် ဖြစ်သည် ။ ပရိသတ်အားပေးလွန်းသဖြင့် ယခု စတုတ္ထအကြိမ်ထိပင် အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ရ၏။

ထို့နောက် ၂၀၁၁ ခုနှစ်တွင် ‘အစ္စရေးကို ကယ်တင်ခြင်း’ စာအုပ်ကို ရေးသည့် အခါကတော့ ဘာသာပြန် စာအုပ်သက်သက် မဟုတ်။ ကျွန်တော်ကိုယ်တိုင် အစ္စရေးနိုင်ငံ "ဂိုလ်ဒါမေယာ တက္ကသိုလ်" တွင် သတင်းစာ ပညာသင်တန်း သွားတက်ခဲ့ရဖူးသည် ။ သင်တန်းခေါင်းစဉ်ကပင် စိတ်ဝင်စားစရာ ကောင်းလှသည် ။ "လူမှုပြုပြင်ရေးအတွက် မီဒီယာမဟာဗျူဟာ" (Media Strategy for Social Change)။ ကျွန်တော် စာတွေ့ဖတ်ခဲ့ရသော အစ္စရေးနိုင်ငံနှင့် ပြည်သူများ အကြောင်းကို မျက်ဝါး

ထင်ထင် တွေ့မြင်ခဲ့ရမှုများကို မှတ်တမ်းသဖွယ် ရေးခဲ့ခြင်း ဖြစ်၏။ အစ္စရေးသံအမတ်ကြီး Mr. YaronMeyer က ဤစာအုပ်တွင် အမှာ စာချီးမြှင့်ခဲ့သည် ။

တတိယစာအုပ်က 'မှတ်ဉာဏ်ထက်သန် ထက်မြက်စေရန်' ဆိုသော စာအုပ် ဖြစ်၏။ အစ္စရေး နိုင်ငံမှာ သာမက ကမ္ဘာပေါ်တွင် ပင် ထင်ရှားသော မှတ်ဉာဏ်အကောင်းဆုံး လူသားဖြစ်သည့် 'အီရန်ကတ်(ဇ်)' (Eran Katz) ၏ စာအုပ်ကို မြန်မာဘာသာပြန်ခြင်း ဖြစ်၏။ စာရေးဆရာ 'အီရန်ကတ်(ဇ်)' ကိုယ်တိုင် မြန်မာပြည်လာတော့ ကျွန်တော်နှင့် တွေ့သည် ။ စာဖတ်ပရိသတ်ကိုပါ ဖိတ်ကြားပြီး မှတ်ဉာဏ်ကောင်းအောင် လက်တွေ့နည်းတွေ သင်ပေးခဲ့သည် ။ ထိုစာအုပ်လည်း ရိုက်နှိပ်ရတာ သုံးကြိမ်ပင်ရှိပြီ။ ပထမအကြိမ်ထုတ် စာအုပ်မိတ်ဆက်ပွဲကို ရန်ကုန်မြို့ပြည်သူ့ရင်ပြင်ရှိ TAB BOOK CENTER တွင် ကျင်းပသည် ။

စတုတ္ထစာအုပ်က ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသော 'ရေထဲမှာ လူ လူထဲမှာ ရေ'။ အစ္စရေးစာရေးဆရာ Seth Siegel ၏ ကမ္ဘာကျော် စာအုပ်ဖြစ်သော Let There Be Water စာအုပ်။ 'နီရော့ဖ်' သဲကန္တာရကြီး ဖုံးလွှမ်းနေသော အစ္စရေးနိုင်ငံ၏ ရေချွေတာ ရေးစနစ်၊ ရေသုံးစွဲရေးပုံစံ၊ ရေအသစ် ဖန်တီးနည်းတွေ ပါ၏။ သဲကန္တာရထဲတွင် ငါး အကြီးအကျယ်မွေး၊ စိုက်ပျိုးရေး အကြီးအကျယ်လုပ်ကာ ရေကို စနစ်တကျသုံးစွဲပုံတွေက နည်းယူစရာ များ လှ၏။ တစ်နှစ်အတွင်း သုံးကြိမ် ထုတ်ဝေရ၏။ ၂၀၁၆ ခုနှစ်အတွက် "သုတစွယ်စုံစာပေဆု" ကို ဤစာအုပ်ဖြင့် ရရှိခဲ့သည် ။ ကမ္ဘာ့ရေနေ့ "World's Water Day" တွင် ဤစာအုပ် ပြသခွင့် ရခဲ့၏။ ရေအကြောင်း ကျွန်တော် ဟောပြောခွင့် ရခဲ့၏။ အစ္စရေး သံအမတ်ကြီး Daniel Zonshine ကလည်း အမှာ စကား ပြောပေးခဲ့သည် ။

ပဥ္စမစာအုပ်က ‘လူ့သမိုင်းအနှစ်ချုပ်’။ လူသားပေါ်ဦးစမှ ယနေ့ထိ အကြောင်းအရာကို ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ပြထားသော စာအုပ်ဖြစ်သည် ။ ခေတ်သစ်သမိုင်းစာအုပ်များ ထဲတွင် လူကြိုက်အများဆုံးဖြစ်ပြီး စာရေးသူ၏ သမာသမတ် ကျလှသော၊ ရှားပါးလှသည့် အတွေးထောင့်များကြောင့် ကမ္ဘာကျော်စာအုပ် ဖြစ်၏။ အစ္စရေး သမိုင်းပညာရှင် "Yuval Noah Harari"၏ စာအုပ် ဖြစ်၏။ စာအုပ်မိတ်ဆက်ပွဲကို အစ္စရေး သံအမတ်ကြီး နေအိမ်တွင် ကျင်းပခဲ့သည် ။

ယခုစာအုပ်က အစ္စရေးနိုင်ငံနှင့်ပတ်သက်သော ကျွန်တော်၏ ဆဋ္ဌမမြောက်စာအုပ်။ အစ္စရေးညာဏ်ကြီးရှင်များ နှင့် သူတို့ ၏ တီထွင်မှုများကြောင့် ကမ္ဘာကြီးရှိ ပြည်သူ ဘီလျံပေါင်းများ စွာ၏ ဘဝကို ပြောင်းလဲခဲ့ပုံကို ဖတ်ရှုရမည်။ အစ္စရေးတို့ က အစာရေစာငတ်မွတ်သူကို ကျွေးမွေး၊ နာမကျန်းဖြစ်သူကို ကုသ၊ အခုအခံမဲ့သူဘက်က ကာကွယ်စောင့်ရှောက်၊ သဲကန္တာရကို သီးနှံစိုပြည် ကမ္ဘာမြေဖြစ်အောင် ပြောင်းလဲခဲ့ကြပုံများကို ဖော်ပြထားသည် ။ ကမ္ဘာအကြီးဆုံး စိန်ခေါ်မှုများကို အစ္စရေးက ကူညီဖြေရှင်းပေးနေပုံ ၂၀၁၈ခုနှစ်ထုတ်စာအုပ် ဖြစ်သည် ။

ယနေ့ခေတ်တွင် အစ္စရေးနိုင်ငံနှင့်ပတ်သက်၍ လူတိုင်း မဖတ်မဖြစ်ဖတ်ရမည့် စာအုပ်သုံးအုပ်ရှိသည် ဟု ကမ္ဘာစာကြည့်တိုက်များ နှင့် ပညာရှင်များက တစ်သံထဲ ထွက်ဆိုနေကြ၏။

ပထမစာအုပ်က Start - Up Nation

(စွန့်စားကြီးပွား အစ္စရေးနိုင်ငံသား)

ဒုတိယအုပ်က (Let There Be Water)

(ရေထဲမှာ လူ လူထဲမှာ ရေ)

တတိယအုပ်က Thou Shalt Innovate

(အစ္စရေးညဏ်ကြီးရှင်များ )

ကျွန်တော့်အနေနှင့် ထိုစာအုပ်သုံးအုပ်လုံးကို မြန်မာဘာသာပြန်ဆိုပြီးဖြစ်ရာ ဤစာအုပ်ဖြင့် ၂၁ ရာစုခေတ် မြန်မာလူငယ်မျိုးဆက်သစ်များ ၏ အားမာန်သတ္တိနှင့် ဉာဏ်ပညာအသိတို့ ကို လှုံ့ဆော်နိုင်စေမည်ဟု ကောင်းစွာယုံကြည်မိပါကြောင်း။

**ဟိန်းလတ်**

**၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်**

******

## နိဒါန်းစကား
## အလင်းရောင်ရပါစေ

ကျွန်ုပ် သင်တို့ ၏ နိုင်ငံများ အပေါ် အလင်းရောင် ဖြန့်ဝေပေးမည်။ ကျွန်ုပ်၏ ကယ်တင်မှုသည် ကမ္ဘာဆုံးသည် အထိရှိစေသောဝ်။

**အိဆိုင်ယ ၄၉:၆**

ကျွန်တော် ဂျေရုဆလင်အပြင်ဘက်ကို ကားတလိမ့်လိမ့် မောင်းလာစဉ် ရေဒီယိုမှ မီးနီပြကာ အသံမြည်လာ၏။ ကျွန်တော့်ကလေး ပေါက်စလေးက ကားထိုင်ခုံပေါ်တွင် အိပ်ပျော်နေသည် ။ ကျွန်တော် ချက်ချင်းထိတ်လန့်တကြား ဖြစ်သွား၏။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၈ ရက်။ ကျွန်တော်သည် လုံခြုံရေး စစ်ဆေးရေးစခန်းတစ်ခုကို ဖြတ်ကျော်လာခဲ့ပြီ။ ရက်သတ္တပတ်ပေါင်းများ စွာ လူအားလုံးက ‘ဟားမတ်စ်’ တို့ နှင့် ဖြစ်အုံ့ဆဲဆဲ စစ်ပွဲအကြောင်း ပြောနေကြ၏။ အစ္စရေးသည် ဂါဇာဒေသတွင် အစ္စလာမ်မစ်စစ်သွေးကြွတို့ အား ပစ်မှတ်ထား၍ စစ်ဆင်ရေးကို စလုပ်နေချိန် ဖြစ်၏။ နှစ်ပရိစ္ဆေဒကြာစွာပင် "ဟားမတ်စ် ´တို့ က အစ္စရေးကို ချေဖျက်ပျက်သုဉ်းစေကာ အစ္စလာမ်မစ် ဘာသာရေးခေါင်းဆောင်များ အုပ်ချုပ်မှုနှင့် အစားထိုးရန် ကြိုးစားခဲ့ကြ၏။ သူတို့ က အီဂျစ်နိုင်ငံမှ လက်နက်ပစ္စည်းများကို မြေအောက်တူးမြောင်းလိုဏ်ခေါင်းများမှ တစ်ဆင့် ခိုး

သွင်းခဲ့ကြ၏။ ညနေ ခြောက်နာရီခွဲခန့်တွင် ကျွန်တော် တိတ်ဆိတ်ငြိမ်သက်ပြီး သစ်ပင်ထူထပ်သောနေရာမှ အိမ်သို့ပြန်ရောက်၏။ ထို့နောက် သားလေး "အိုဝင်"ကို အိပ်ရာပေါ်တွင် သိပ်လိုက်၏။ ထို့နောက် ကျွန်တော် စောင့်နေ၏။ မကြာခင် အချက်ပေးဥသြသံများ ထွက်ပေါ်လာသည် ။ "ဟားမစ်" တို့ က နယ်စပ်ကိုကျော်၍ ဒုံးကျည်များ ဖြင့် ပစ်ခတ်ကြ၏။ ထိုပထမညအတွင်းမှာ ပင် စစ်သွေးကြွအုပ်စုက အမ် ၇၅ ဒုံးကျည်များကို မြို့ကြီးနှစ်မြို့ဖြစ်သော 'တယ်လ်အဗစ်' နှင့် 'ဂျေရုစလင် ' သို့ ပစ်ခတ်ကြ၏။ တစ်ချိန်က ဤဒုံးကျည်များ မြို့ကြီးများ သို့မရောက်နိုင်ဟု ထင်ထားခဲ့ကြဖူးသည် ။ ကျွန်တော်က ကလေးကို အိမ်လေးထပ်ပေါ်မှ အောက်ထပ်ရှိ ဗုံးခိုကျင်းသို့ ပွေ့ခေါ်ခဲ့ရ၏။ သားလေးကလည်း အတော် ထိတ်လန့်နေသည် ကို တွေ့ရ၏။ အစ္စရေးနှင့် ဂါဇာဒေသအနှံ့အပြား နေထိုင်သူများ လည်း မည်မျှထိ ကြောက်လန့်နေကြမည်ကို ကျွန်တော် စိတ်ဖြင့်ပင် မှန်းဆမိပါသည် ။ မိနစ်အနည်းငယ်ကြာသောအခါ ကျွန်တော်သည် ဒုတ်ခနဲကျသံကျယ်ကြီးနှစ်ခုကို ကြားရပြီးနောက် ဘေးကင်းပြီဆိုကာ အပေါ်ထပ်သို့ ပြန်တက်ခဲ့သည် ။ အစ္စရေး၏ 'အိုင်းရင်းဒုမ်း' ဒုံးကျည်ကာကွယ်ရေးစနစ်က 'ဟားမာ့စ်' တို့ ၏ ဒုံးကျည်များကို အောင်မြင်စွာချေမှုန်းနိုင်ခဲ့လေပြီ။

နောက်ထပ် ရက်သတ္တပတ် ခုနစ်ပတ်စလုံးပင် ဥသြသံတွေ ဆက်တိုက် ကြားနေရဆဲ။ ထိတ်လန့်မှုကတော့ ပျောက်ပျက်မသွား။ သို့သော် ကျွန်တော့်မိသားစုသည် အစ္စရေးမှ အခြားပြည်သူများ နည်းတူ 'အိုင်းရင်းဒုမ်း' ကို ယုံကြည်စိတ်ချကြ၏။ ကျွန်တော်က ဤတီထွင်မှုကို အံ့သြနေ၏ ။ ၎င်းသည် အစ္စရေးနိုင်ငံကို အစ္စလာမ်မစ်နိုင်ငံအဖြစ် ကျရောက်သွားခြင်းမှ အကာအကွယ်ပေးနိုင်ခဲ့၏။ အီရတ်နှင့်ဆီးရီးယားသည် အစ္စလာမ်မစ်နိုင်ငံတွေ ဖြစ်ကုန်ကြပြီ။ 'အာဆတ်' အစိုးရက သူ့ပြည်သူများကိုပင်

ဗုံးတွေ၊ ဓာတုလက်နက်တွေနှင့် သတ်ဖြတ်နေ၍ စစ်ပြေးဒုက္ခသည် သန်းနှင့်ချီပြီး တူရကီ၊ ဂျော်ဒန်၊ လက်ဘနွန်နှင့် အီဂျစ်သို့ အလုံးအရင်း လိုက် ထွက်ပြေးတိမ်းရှောင်နေရသည် ။ အစ္စလာမ်မစ်စစ်သွေးကြွများ က ဆိုင်းနိုင်းကျွန်းဆွယ်တွင် သွေးသံရဲရဲ ပုန်ကန်မှုကို လုပ်နေကြ၏။

စိတ်ပျက်စရာ ကောင်းလှဘိခြင်း။

ကျွန်တော့်မျိုးဆက်သည် အရှေ့အလယ်ပိုင်းတွင် ငြိမ်းချမ်းမှုကို မြင် ရနိုးဖြင့် အသက်ကြီးပြင်းလာခဲ့၏။ ဘွဲ့ရကျောင်းသားအနေနှင့် ကျွန် တော် အစ္စလာမ်သမိုင်းနှင့် အာရဗီဘာသာကို သင်ခဲ့ရ၏။ ကျွန်တော် ကို င်ရိုသို့ပြောင်းခဲ့၏။ ဒေသပတ်ဝန်းကျင် လှည့်လည်သွားလာရင်း အပြော င်းအလဲတွေကို မျှော်လင့်ခဲ့၏။ သို့သော် ဒေသတွင်းမှ ပြည်သူများကား အဆုံးမသတ်နိုင်သော အကြမ်းဖက်မှုများကိုပင် ဆက်တိုက် ကြုံနေကြ ရ၏။

၂၀၁၄ ခုနှစ် နွေရာသီတွင် ကား တစ်စုံတစ်ရာ ဖြစ်ပွားခဲ့၏။ ‘အိုင်းရ င်းဒုမ်း’သည် သာ အသက်ကို ကယ်တင်ဖြစ်ခဲ့သော အစ္စရေး၏ တီထွင်မှု တစ်ခုတည်းသာ မဟုတ်ပါ။ ကံကောင်းထောက်မစွာဖြင့် ကျွန်တော့်ပတ် ဝန်းကျင်မှ အခြားသော ဆန်းသစ်တီထွင်မှုများကိုပါ သိခွင့်ရခဲ့၏။ အ ရေးတကြီးပြဿနာတစ်ခုခုကြုံရတိုင်း ဒုံးကျည်ကျလာတာပဲဖြစ်ဖြစ်၊ ယာဉ်တိုက်မှုဖြစ်တာပဲဖြစ်ဖြစ်၊ နှလုံးရောဂါ ရုတ်တရက်ခံစားရတာပဲဖြ စ်ဖြစ် စမတ်ဖုန်းပေါ်တွင် ‘ယူဘာ့’ အပလီကေးရှင်းကို သုံးလိုက်လျှင် သူ နာတင်ယာဉ်တစ်ပိုင်း၊ မော်တော်ဆိုင်ကယ်တစ်ပိုင်း (အမ်ဗျူဆိုင်ကယ် ဟု ခေါ်သည် ) ကို စီးနင်းလာသူ ကယ်တင်ရှင် ရောက်လာမည်။ ကျွန် တော်၏ ဂျေရုစလင်မှ ဥယျာဉ်မှူးသည် ရေလောင်းရာတွင် အပင်နှင့်လို က်လျောညီထွေသော၊ ရေပမာဏသာကျသော ရေပိုက်ကို အသုံးပြုသဖြ

င့် ကမ္ဘာ့အရေးအကြီးဆုံး သယံဇာတဖြစ်သော ရေကို ခြိုးခြံမှု ပြုနိုင်ခဲ့၏ ။ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးက ပါကင်ဆန်ရောဂါဖြစ်ကာ ဦးနှောက်အတွင်း ခပ်နက်နက်ခွဲစိတ်ရမည့်အခြေအနေရှိနေ၏။ သူ၏ ဦးနှောက်ကို 'အီးမက်ဒ်ရင်းမ်ယူနစ်' ဆိုသော 'နာဟိရက်ချ်' မှ အာရပ်မောင်နှံတီထွင်သော ခွဲစိတ်ကိရိယာဖြင့် ခွဲခဲ့၏။ ဦးနှောက်ခွဲစိတ်မှုကို 'ဂျီပီအက်စ်' စနစ်ဖြင့် ခွဲစိတ်ဆရာဝန်များက ဤကိရိယာကို ထည့်ကာ ဦးနှောက်၏ ရောဂါဖြစ်သော နေရာအတိအကျကို သိရှိပြီး ခွဲစိတ်နိုင်ခဲ့၏။ ထို့ကြောင့် ဦးနှောက်သွေးကြောတစ်ခုခု ပေါက်၍ ၊ ပိတ်၍ ဖြစ်ရသော ခန္ဓာကိုယ်မလှုပ်ရှားနိုင်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖောက်ပြန်သော ရောဂါများကို ကုသပေးနိုင်ခဲ့၏။

ဤဇာတ်လမ်းများက အမှောင်ထုကို ဖြတ်လာသော ရောင်ခြည်တန်းသေးများ ပမာ ဖြစ်၏။ ကျွန်တော်က အစ္စရေး၏ လှုံ့ဆော်နိုင်သူအပိုင်းနှင့် ဆက်စပ်ပေးလိုပါသည် ။ စိန်ခေါ်မှု အသေးဖြစ်စေ၊ အကြီးဖြစ်စေကို ရင်ဆိုင်ဖြေရှင်းနေကြသောသူများ အကြောင်းကို စတင်ပြောလိုပါသည် ။ သူတို့ ကြောင့် ကမ္ဘာတစ်ဝန်းမှ လူတွေ သန်းနှင့် ၊ ဘီလျံနှင့်ချီ၍ ဘဝလမ်းကြောင်းများ ပိုမိုကောင်းအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့၏။

ကျွန်တော်သည် စာရေးဆရာ Daon Senor and Saul Singer တို့ရေးသားသော Start-Up Nation (ဟိန်းလတ် မြန်မာပြန် စွန့်စားကြီးပွားပြည်သူများ သို့မဟုတ် အစ္စရေးနိုင်ငံသား ၂၀၁၀/ ၂၀၁၂/ ၂၀၁၈) စာအုပ်ကိုဖတ်မိကာ အစ္စရေးနိုင်ငံ၏ အံ့မခန်းတီထွင်မှုမှတ်တမ်းကို သိရှိခဲ့၏။ ထိုစာအုပ်မှ နေ၍ အစ္စရေး၏ စီးပွားရေးအောင်မြင်မှု မည်သို့ရခဲ့သည် ကို သိခဲ့ရ၏။ တကယ်တော့ အစ္စရေး၏ ဆန်းသစ်တီထွင်မှုစိတ်ဓာတ်သည် အစ္စရေးနိုင်ငံ တစ်ခုတည်း

အတွက်သာမဟုတ်၊ ကမ္ဘာပေါ်ရှိ အကြီးမားဆုံး လူမှုရေးဆိုင်ရာ ပြဿနာအချို့ကိုပင် ဖြေရှင်းပေးနိုင်ကြောင်း နောက်ပိုင်းတွင် သဘောပေါက်ခဲ့၏။ ဤသို့ဖြင့် ကမ္ဘာ့အကြီးမားဆုံး စိန်ခေါ်မှုများ ထဲမှ အချို့ကိုကူညီဖြေရှင်းပေးနိုင်ခဲ့သည် ။

မကြာမီက အစ္စရေးနိုင်ငံ၏ ဟိုင်းတက်တော်လှန်ရေး၏ ခေါင်းဆောင်များ ထဲမှ တစ်ဦးဖြစ်သူ 'ယိုစီဗာဒီ' နှင့် တွေ့၏။ သူက သူ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတစ်ခုသို့ တက်ရောက်ရန် ကျွန်တော့်ကို ဖိတ်သည် ။ ထိုပွဲတွင် အစ္စရေးဂျူးများ ရော၊ ခရစ်ယာန်များ ရော၊ မူစလင်များ ရော၊ အနောက်ဘက်ကမ်းခြေမှ ပါလက်စတိုင်းများ ရော စွန့်ဦးတီထွင် ပညာရှင်အားလုံး တက်ကြ၏။

'နာမီရက်ချ်' မြို့မှ "စိန့်ဂက်ဘရီယယ်' ဟိုတယ်ထဲဝင်ရသည် ကပင်လျှင် "စတားဝါး(စ်) ဇာတ်ကားထဲမှ ဇာတ်ဝင်ခန်းထဲဝင်ရသလို ခံစားရ၏။ ဒရုန်းလေယာဉ် လွှတ်သူလွှတ်၊ ပြတင်းပေါက်မှ လေကူရှင်ကြီးများ ပေါ် ခုန်ချကာ သူတို့ ၏ အလျင်ကို စမ်းသူစမ်း။ စတားဝါး(စ်)ရုပ်ရှင်ထဲမှ 'ဂျက်မြို့' ကိုပင် ရွှေ့ရလေဦးမလား ကျွန်တော် မျှော်လင့်သလိုလို ဖြစ်မိသည် ။ အစ္စရေးနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဦးဆောင်ဦးရွက် တီထွင်ရှင်အချို့နှင့် တွေ့ရ၏။ စကားပြောရ၏။

ကျွန်တော် နိုင်ငံအနှံ့ ခရီးသွားသည် ။ စွန့်ဦးတီထွင်ပုဂ္ဂိုလ်များကို သူတို့ ရုံးမှာ သွားတွေ့၏။ ပန်းခြံခုံတန်းတွေပေါ်မှာ သွားတွေ့၏။ တစ်ချို့ကို အိမ်တိုင်ရာရောက် သွားတွေ့သည် လည်း ရှိ၏။

ခန္ဓာကိုယ်မှ တစ်ရှူးများ မာကျောသွားခြင်းကို ပျောက်ကင်းစေသည့် 'ရီဘစ်ဖ်' ဆေးတီထွင်သူ "မိုင်ချာ်လ်ရီဗယ်လ်" နှင့် သူ့အိမ်ဧည့်ခန်းတွင် စကားပြောခဲ့၏။

'အရေးပေါ်ပတ်တီး' တီထွင်သူ 'ဘားနတ်ဘာနာတန်' နှင့်အတူ'ပီဇာ' စားခဲ့၏။ သူ၏ ပတ်တီးက သွေးကွက်စွန်းနေမှုကို ထိန်းချုပ်ပေးကာ ဘေးထွက်ဆိုးကျိုးတွေ မဝင်စေရန်လည်း ကာကွယ်ပေးနိုင်၏။

ကျွန်တော် အစ္စရေးနိုင်ငံ မြောက်ပိုင်းသို့သွားကာ 'အယ်ဂေါ်ဖာ'နှင့် တွေ့၏။ သူက ခြေမသန်သူများကို လမ်းလျှောက်နိုင်ရန် အကူအညီပေးသည့်ကိရိယာကို တီထွင်သူ ဖြစ်၏။

'ရှလိုမိုနာဗာရို'က သူ၏ ရုံးခန်းအောက်ထပ်သို့ ခေါ်သွားကာ ဆန်များ ၊ ဂျုံများကို ပိုးမွှားတွေမကိုက်ရန်၊ မဖျက်ဆီးရန် ကာကွယ်ပေးသည့် တီထွင်ထားသော အိတ်ကြီးများကို ပြ၏။

သူတို့ အားလုံးသည် စစ်၏ အန္တရာယ်များကို ဖြတ်သန်းကြီးပြင်းလာကြသူများ ဖြစ်၏။ သို့သော် သူတို့ ကား မျှော်လင့်ချက်နှင့် အကောင်းမြင်စိတ်တွေ ရှိ၏။ သူတို့ က ဗုံးတွေ၊ ကျည်ဆံတွေကို မထုတ်လုပ်။ ကမ္ဘာကြီးကိုပိုမိုကောင်းမွန်သောနေရာရောက်အောင် သယ်ပိုးဦးတည်လုပ်ဆောင်နေကြ၏။

အစ္စရေးနှင့် အာရပ် အိမ်နီးနားချင်းနိုင်ငံများကြားမှ နယ်စပ်မျဉ်းဖြစ်သော 'အစိမ်းရောင်လိုင်း'ကို ဖြတ်သန်းခွင့်ရခဲ့၏။ ပါလက်စတိုင်းနယ်နိမိတ်တွင် လည်း တီထွင်သူများကို တွေ့ရ၏။ အစ္စရေးနှင့် ပါလက်စတိုင်းတို့ သည် နယ်မြေအငြင်းပွားမှု၊ ရေခွဲဝေသုံးစွဲမှု၊ ဒုက္ခသည် ပြဿနာ စသည် တို့ ကို အငြင်းပွားနေကြသည် ။ ပုဂ္ဂိုလ်အများ စုနှင့်ကျွန်တော် စကားပြောကြသည် ။ တီထွင်ဖန်တီးမှုများက အုပ်စုနှစ်ခုကို မျိုးဆက်များ စွာ တိုက်ခိုက်နေခြင်းမှ ကယ်တင်ပေးမည်ဟု ယုံကြည်ကြကြောင်း ပြောကြ၏။

တကယ်တော့ အစ္စရေးနိုင်ငံ၏ နေ့စဉ်ဘဝသည် အကြမ်းဖက်မှုများ

နှင့်သာ ကြုံနေရ၏။ စစ်ပွဲတွေ၊ အသေခံဗုံးခွဲမှုတွေ၊ ဓားထိုးမှုတွေ၊ ကားနှင့်တိုက်ခိုက်မှုတွေ။ တစ်နိုင်ငံလုံး အနိဋ္ဌာရုံတွေကို ဝေမျှခံစားနေရ၏။ မည်သို့ဆိုစေ နောက်ထပ် အစ္စရေးတစ်မျိုး ရှိသေး၏။ ကမ္ဘာပေါ်တွင် ရင်ဆိုင်နေရသော ထိပ်တန်းပြဿနာဆယ်ခုကို အစ္စရေးတစ်ဦးတည်းက ဖြေရှင်းရန် ကြိုးစားပေးနေ၏။

နှစ်ဆယ်ရာစုစောစောပိုင်းက ဗြိတိသျှစာရေးဆရာ 'ဂျီကေချက်စတာတန်' က အမေရိကသည် ဘုရားရှိခိုးကျောင်း ဝိညာဉ်ရှိသောနိုင်ငံဟု ရေးခဲ့၏။ 'အမေရိကန်ဝါဒ'သည် ၎င်း၏ ကိုယ်ပိုင်ဝါဒဟု ဆိုဖွယ်ရှိ၏။ အမေရိကသည် ၎င်း၏ ကိုယ်ပိုင်ဘာသာရေးယုံကြည်ချက်နှင့် သူ၏ ယုံကြည်မှုပုံစံတစ်မျိုးဖြင့် အထွတ်အမြတ်ထားလောက်သော စာချုပ်စာတန်းများ ဖြစ်သည် ။ 'ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ'၊ 'လွတ်လပ်ရေးကြေညာစာတမ်း'စသည် တို့ ဖြင့် အမေရိကန်အိပ်မက်ကို တည်ထောင်ခဲ့၏။ ကျွန်တော်ယုံကြည်လာသည် ကား အစ္စရေးသည် ဂျူးဘုရားကျောင်းဖြင့် ဂျူးတို့ ၏ နိမိတ်ဖတ်အစဉ်အလာနှင့် ဖန်တီးထားသောနိုင်ငံ ဖြစ်၏။ အစ္စရေးတွင် ထူးခြားသည် က လက်ဖျားခါလောက်သော တီထွင်မှုဆိုင်ရာ ယဉ်ကျေးမှု ရှိ၏။ ၎င်းသည် ကမ္ဘာ့ထိပ်သီးပြဿနာများကို ဖြေရှင်းရာတွင် ကြီးမားသော အစိတ်အပိုင်းက ပါဝင်ခဲ့၏။

ဂျူးတို့ ၏ ဒဏ္ဍာရီလာ အစဉ်အလာအရ ထာဝရဘုရားရှင်သည် စကြဝဠာကို ဖန်ဆင်းခဲ့၏။ ထာဝရဘုရားရှင်က ကမ္ဘာလောက၏ အံ့သြဖွယ်ရာများ အတွက် ဖန်ဆင်းပေးခဲ့၏။ ထို့နောက် ထာဝရဘုရားရှင်က ' အလင်းဖြစ်ပါစေ'ဟု မိန့်မြွက်ကာ သူဖန်ဆင်းစဉ်က မှောင်မိုက်သောကမ္ဘာကြီးကို အလင်းဆောင်ကြဉ်းပေးခဲ့၏။ သူက အလင်းရောင်ဓာတ်ပေးသော သင်္ဘောဆယ်စင်းကို အမှောင်တိုက်အတွင်းသို့ စေလွှတ်ခဲ့သည် ။ သို့သော် ထာဝရဘုရားရှင်၏ တန်ခိုးတော်က အံ့မခမ်း စွမ်းအားကြီး၍

သဘော်များက ကွဲကြေပျက်သုဉ်းကာ မီးပွားများက လွင့်စဉ်ပြန့်ကျဲကုန်သည် ။ ထိုမီးပွားများ ထဲမှ အများ စုက အမှောင်နယ်မှ မြေကြီးပေါ်သို့ ကျရောက်၏။ ဂျူးဘာသာအယူဝါဒအဆိုအရ ထိုမီးပွားကို များ နိုင်သမျှ များများ စုဆောင်းကာ ထာဝရဘုရားသခင်၏ သဘော်ပျက်များကို ထိန်းသိမ်းရင်း ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သောနေရာအဖြစ် ဖန်တီးကြမည်ဟု ရည်ရွယ်၏။

သို့သော် ဒါကို ကျွန်တော်တို့ မည်သို့ပြုလုပ်ကြမလဲ။ ကမ္ဘာတစ်ဝန်းမှ ဂျူးများ အတွက်မူ ကောင်းမှုတွေများများ လုပ်ဟူသော အဓိပ္ပာယ်ရ၏ ။ အလှူဒါနပြု၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်။ သို့သော် အစ္စရေးမှ လူအတော်များများကမူ ကမ္ဘာကြီးကို ပြုပြင်ရာတွင် နည်းပညာနှင့်ဆန်းသစ်တီထွင်မှု လုပ်ရမည်ဟု လက်ခံလာကြ၏။ လေငန်းဆွဲသော လူတစ်ယောက် လမ်းလျှောက်လာနိုင်လျှင် ဘီးတပ်လှည်းဆိုသည် မှာ မလိုအပ်တော့။ ဆာလောင်မွတ်သိပ်နေသူတစ်ယောက် အစာစားရပြီဆိုလျှင် ကျွန်တော်တို့ ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှု ပြဿနာကို ဖြေရှင်းနိုင်လောက်ပြီ။

အစ္စရေးနိုင်ငံအကြောင်းကို တိုတိုကျဉ်းကျဉ်းနှင့် ပြီးပြည့်စုံအောင်မဖော်ပြနိုင်။ သို့သော် ထူးခြားပြောင်မြောက်သော ဆန်းသစ်တီထွင်ပညာရှင်များ ၏ ကိုယ်ကျိုးလည်း မဟုတ်၊ ငွေကြောင့်လည်း မဟုတ်ဘဲ လူအများကိုကယ်တင်ချင်စိတ်၊ ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သောနေရာ ဖြစ်ချင်စိတ်တို့ ဖြင့် ကြိုးပမ်းလုပ်ဆောင်နေသော နိုင်ငံဟု လည်း ဆိုနိုင်၏။ လွတ်လပ်မှု၊ တရားမျှတမှု၊ လူမှုအခွင့်အရေးရပိုင်ခွင့်ရှိမှုတို့ ၏ ရပ်တည်ကြသူများ သည် ထိုပုဂ္ဂိုလ်များ နှင့် လက်ချင်းချိတ်၍ ရပ်တည်ဆောင်ရွက်ကြသင့်၏။ သူတို့ နှင့်အတူ ဤစာအုပ်တွင် မဖော်ပြထားသူများ ပါပူးပေါင်းကာ ကမ္ဘာကြီးကို ပြုပြင်ရေးကြိုးပမ်းမှုများကို လုပ်ဆောင်ကြ

ရမည်။ ထူးဆန်းအံ့ဩဖွယ်ရာများကို သမ္မာကျမ်းစာတွင် တွေ့ရနိုင်၏။ သို့သော် ဤစာအုပ်တွင် ကား မျှော်လင့်ချက်မဲ့သူတစ်ဦးက ဘဝပြောင်းရန် တစ်စုံတစ်ဦးက လုပ်ပေးပုံအကြောင်းပါမည်။ ယနေ့ခေတ် အံ့ဩထူးဆန်းဖွယ်ရာများကို တွေ့ရမည်။ မြေထဲပင်လယ်ထဲရှိ နယူးဂျာစီပြည်နယ်လောက်ပင် မကြီးသော နိုင်ငံတစ်ခုတွင် ဤလုပ်ရပ်များ အမြစ်တွယ်ခဲ့သည် ကို တွေ့ရမည်။

အစ္စရေး၏ နည်းပညာဆိုင်ရာ အံ့ဩဖွယ်ရာများ အကြောင်း စာအုပ်များ စွာ ထွက်ခဲ့ပြီးပြီ။ Start - Up Nation တွင် ကား နိုင်ငံ၏ ပုံရိပ်ကို ထပ်မံအမွှမ်းတင်ပေးခဲ့ကာ စာဖတ်သူများ အတွက် နိုင်ငံ၏ စီးပွားရေးတိုးတက်လာမှု အကြောင်းကို တင်ဆက်ခဲ့၏။ ဤနိုင်ငံတွင် သဘာဝသယံဇာတ မရှိသကဲ့သို့ပင် လူဦးရေကလည်း နည်း၏။ ရန်သူက ပတ်ပတ်လည် ဝိုင်းနေသည် ။ သို့သော် အစ္စရေးသည် တီထွင်မှုများ စွာကို ကနေဒါ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဗြိတိန် အားလုံးပေါင်းထက် အသစ်အဆန်းတွေ ပိုမိုတီထွင်နိုင်ခဲ့၏။ မြောက်အမေရိကတိုက် ပြင်ပတွင် ဤနိုင်ငံသည် သာ NASDA ၏ ကုမ္ပဏီ အများ ဆုံးရှိ၏။ ဂျီဒီပီအနေနှင့်လည်း ‘အိုအီးစီဒီ’ ခေါ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ချုပ်တွင် အများ ဆုံး ဖြစ်၏။ စာရေးဆရာ ‘Seth Siegel’ ရေးသော 'Let There Be Water' (ဟိန်းလတ် - ရေထဲမှာ လူ လူထဲမှာ ရေ အမည်ဖြင့် ၂၀၁၆ တွင် မြန်မာပြန်ခဲ့။ သုတစွယ်စုံစာပေဆု ၂၀၁၆ တွင် ရခဲ့) တွင် အစ္စရေးက ရေစူပါပါဝါနိုင်ငံအဖြစ် ဖြစ်ထွန်းခဲ့ပုံကို ရေးထား၏။ အစ္စရေးနိုင်ငံတစ်ဝက်က သဲကန္တာရ။ ဤအခြေအနေမှ နေ၍ ရေဖူလုံစေရန် မည်သို့ လုပ်ဆောင်ခဲ့ပုံကို ဖတ်ရှုရမည်။ Yaakov Katr Amir Bohbot တို့ ရေးသော ‘ Weapon Wizards’ စာအုပ်တွင် ဂျိမ်းစ်ဘွန်းရုပ်ရှင်ထဲမှ စိတ်ကူးယဉ်လက်နက်ဆန်းမျိုးတွေ အစ္စရေးက လွန်ခဲ့သော နှစ်ခုနှစ်ဆယ်က တီထွင်ခဲ့

ပုံကို ဖတ်ရမည်။ ဤစာအုပ် အားလုံးသည် ပင် အစ္စရေး၏ နည်းပညာ အကြောင်း မီးမောင်းထိုးပြသော စာအုပ်များ ဖြစ်၏။

ယခုစာအုပ်တွင် ကား စိုက်ပျိုးရေး၊ ဆေးဝါး၊ ရေနှင့် ကာကွယ်ရေး ဆိုင်ရာများကို အလေးပေး ရေးသားထား၏။ ကမ္ဘာပေါ်တွင် ပြောင်းလဲနေသော တီထွင်သူများ အကြောင်း၊ သူတို့ ၏ နောက်ကွယ်မှ ပုဂ္ဂိုလ်များ အကြောင်းကို ဖတ်ရမည်။ ဤစာအုပ်တွင် အစ္စရေးတို့ ၏ တီထွင်မှုကြောင့် ကမ္ဘာတစ်ဝန်းမှ လူများ ဘီလျံနဲ့ ချီပြီး ပိုမိုကောင်းမွန်သောဘဝကို ရောက်လာကြောင်း တွေ့ရှိရမည်။ အစ္စရေး၏ ဦးနှောက်စွမ်းပကားကြောင့် ဆာလောင်မှုကို အစာကျွေးနိုင်၊ နာမကျန်းသူကို ကုသပေးနိုင်၊ အိုးမဲ့အိမ်မဲ့များကို နားခိုစရာပေးနိုင်ခဲ့ပုံကို ဖတ်ရမည်။ ပေါ်လစီရေးဆွဲသူများ ၊ ဥပဒေရေးဆွဲသူများ ၊ အင်ဂျင်နီယာများ ၊ ဆရာဝန်များ ၊ ရှေ့နေများ ၊ ဘဏ်လုပ်ငန်းရှင်များ ၊ အကူလုပ်သားများ နှင့် အသက်မွေးဝမ်းကျောင်းသူများ ပါ၍ အားလုံးတို့ ၏ စိန်ခေါ်မှုအပေါ် အဖြေရှာခဲ့ပုံများကို ဖတ်ရမည်။ သူတို့ ၏ တီထွင်မှုအချို့ကား ကြီး၏။ အချို့ကား သေး၏။ သို့သော် အဖြေသစ်ရှာရန်အတွက် တီထွင်မှုသစ်များ ဖြစ်သည် ကား မည်သို့မျှ မငြင်းနိုင်။

အရေးကြီးသည် ကား ကမ္ဘာ့နိုင်ငံအသီးသီးသည် အစ္စရေး၏ တီထွင်မှုဆိုင်ရာ လျှို့ဝှက်ချက်ကို သူတို့ ၏ ပြည်သူများ အတွက်၊ သူတို့ ၏ စီးပွားရေးအတွက် ကြိုးစားပြီး သဘောပေါက်ကာ လုပ်သင့်၏။ သူတို့ အနေနှင့် အစ္စရေးလူမျိုးတို့ ၏ ယဉ်ကျေးမှုအမှတ်တရကို သိအောင် လုပ်သင့်၏။ အစ္စရေးလူမျိုးတို့ ၏ ယဉ်ကျေးမှုသည် သူတို့ ၏ လမ်းညွှန်မှုဝါဒများ ပင် ဖြစ်၍ တည်း။

ဤစာအုပ်သည် သေခြင်းတရားနှင့် အပျက်အစီးတို့ ကို ကျော်လွန်

ကာ မျှော်လင့်ချက်ခိုင်ခိုင်ထားရှိသူ အစ္စရေးလူမျိုးတို့ ၏ ဇာတ်လမ်း ဖြစ်၏။ ကမ္ဘာတစ်ဘက်တွင် မှောင်မိုက်မှုဝေစုများ မျှဝေခံစားနေရချိန်၌ ဤဇာတ်လမ်းများက အလင်းစက်ရောင်ခြည်များ ပင် ဖြစ်စေနိုင်ပါ၏။

******